မြန်မာခရစ်ယာန်မိသဟာယအသင်းတော်
(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. ___Volume 5/Issue 12/ December/ 2012*

## The Christ is born. Hallelujah! Hallelujah!




*Occasion … Christmas Worship Service*
*Date … Sunday, December 25, 2012*
*Time … 2:00 PM*
*Place … St. Luke's Episcopal Church*
*122 S. California Ave.*
*Monrovia, CA 91016*


** There will be Christmas Potluck Dinner after the Service **

*Please join us*




ချမ်းအေးလှတဲ့ … ဆောင်းတစ်ညမှာ
ဗက်လင်မြို့ပြင် … တစ်နေရာ
သိုးထိန်းအများ … သိုးစောင့်စဉ်ခါ။
ဘုန်းတော်ရောင်ခြည် … ထွန်းတောက်စွာ
ကောင်းကင်တမန် … ပေါ်ထွန်းလာ
သူတို့အလွန်ကြောက်ရွံ့ရှာ။
မကြောက်ကြရန် … ပြောဆိုကာ
ဝမ်းမြောက်ဖွယ်ရာ … သတင်းစကား
သူတို့အားပြောကြား။
ကယ်ချွတ်ပိုင်သောအရှင် … မေရှိယသခင်
ယေရှုအမည်မှည့်ရန် … လူဇာတိခံကာ
အပျိုကညာဝမ်းမှ … မွေးဖွားလာ
နွားစားခွက်တွင် … သိပ်ထားရှာ။
အနာဂတ္တိကျမ်းအလာ … နာမတော်သည်ကား
အံ့ဩဘွယ် … တိုင်ပင်ဘက်
တန်ခိုးကြီးသောဘုရားသခင်
ထာဝရအဘ … ငြိမ်သက်ခြင်း၏အရှင်
နိုင်ငံတော်စဉ်တည်မြဲ
အာဏာတော်မစဲ။
အတူတကွပူးမြှော်ကာ … ဂုဏ်တော်ချီးမွမ်းမှာ
ကောင်းကင်းဘဝဂ်ဝယ် … ဘုန်းကြီးတော်မူစေသတည်း။
မြေကြီးပေါ်လည်း … ငြိမ်သက်ခြင်းရှိစေသတည်း။
လူတို့အား … မေတ္တာဂရုဏာရှိစေသတည်း။
သည်နေ့ … သည်ရက် … သည်အချိန်ခါ
မင်္ဂလာနေ့မြတ်မှာ … ရွှင်လန်းဝမ်းမြောက်စွာ
ချီးမွမ်းခြင်းဖြင့် … သက်သေခံ
လူအများသိစေရန်။

♠ - *Smile*




# မေ့မရနိုင်ပါ – Sweet December

လွန်ခဲ့သော ၂၀၁၁ ဒီဇင်ဘာ (၁)ရက် Sweet December နေ့သည် ကြီးစွာသောအမှတ်တရနေ့ ဖြစ်ခဲ့ပါသည်။ တစ်နှစ်တာကာလမှာ အမှတ်တရနေ့ တစ်နေ့တော့ ထူးခြားစွာပင် ဘုရားသခင် ပေးလေ့ရှိပါသည်။ ဤသို့ အမှတ်တရနေ့ ရောက်လျှင် အတိတ်ကို ပြန်လည်သတိရ အောက်မေ့ရုံသာမက ဆင်ခြင်စရာကိုလည်း ဘုရားသခင် သွန်သင်ပါ၏။ ဤအချက်ကို ဘုရားသခင်၏အလိုတော်အတိုင်း ဝန်ခံပါသည်။ စိုးရိမ်နေ၍လည်း မရသလို၊ မေ့ပျောက်၍လည်း မရနိုင်ပါ။ ဒုက္ခဆင်းရဲတွေ့ကြုံရသည် ဖြစ်စေ၊ ရွှင်လန်းဝမ်းမြောက်ရသည် ဖြစ်စေ၊ ကျေးဇူးတော်ပုလ္လင်ရင်းသို့ တိုးဝင်ချဉ်းကပ်၍ ဘုရားသခင်၏ ကောင်းမြတ်တော်မူခြင်းကိုချီးမွမ်းပါသည်။ ထိုအခါ အသစ်သောရွှင်လန်းခြင်းနှင့် အသစ်သောနှစ်သိမ့်ခြင်းအပြင် အသစ်သော ကျေးဇူးတော်ကို ထပ်မံခံစားရပါသည်။

ဒီဇင်ဘာ (၁)ရက် Sweet December နေ့အဝင် ညဥ့်နက်သန်းခေါင်ယံမှစ၍ ကျမတို့ နေထိုင်ရာ ပတ်ဝန်းကျင်တစ်ခွင်းလုံး မထင်မမှတ် မမျှော်လင့်ပါဘဲ လေပြင်းမုန်တိုင်း တိုက်ခတ်မွှေနှောက်ခြင်းဒဏ်ကို ခံရပါသည်။ မိုးလေဝသဌာနမှ ကြေငြာချက်ကား မိုးရွာမည် ၂၀ရာနှုန်းခန့်။ လေပြင်းတိုက်မည် တစ်နာရီမိုင် ၂၀–၃၀ ဖြစ်သည်။ မှန်ပါပေသည်။ နှစ်စဉ် ဒီဆောင်းရာသီ ဒီအချိန်ကာလ ရောက်ပြီဆိုလျှင် ရော်ရွက်ဝါများ၊ သစ်ရွက်ဟောင်းများ လေလွင့်၍ မြေသို့ကျပြီး မြေဩဇာဖြစ်ရန် လေညှင်းနဲ့ မရနိုင်။ လေခပ်ပြင်းပြင်းလိုပါ၏။ ဖေ့ပတ်ကာ တိုက်ခတ်သော မြောက်ပြန်လေပြင်း အမှန်ပင်လိုပါ၏။

သို့သော် ထိုညဥ့်တွင် မထင်မှတ်ဘဲ မြောက်ပြန်လေပြင်း NW နှင့် အရှေ့မြောက်လေပြင်း NEW တို့ထိပ်တိုက်ဆုံကာ ပတ်ချာလည် ဖေ့တိုက်ပါတော့သည်။ လေသံကလည်းပြင်း တဝုန်း..ဝုန်း.. ဝုန်းဝုန်းမှ ဝုန်းဝုန်းဝုန်းဝုန်း..အထိ ပြင်းထန်လာ၍ အိပ်ယာမှလန့်နိုးကာ ဆောက်တည်ရာမရ။ ကြောက်စိတ်မွှန်ကာ နှလုံးခုန်သံမှာလည်း လေပြင်းသံနှင့်အပြိုင် တဒုတ်..ဒုတ်မှ ဒုတ်ဒုတ်..ဒုတ်ဒုတ်ဒုတ်.. အမြန်နှုန်းနှင့် ခုန်နေပါတော့သည်။ အသံလုံသည်ဟုထင်ရသော အိမ်နံရံကိုပင် ဖြတ်ထွင်း၍၊ နားထဲတွင် လေပြင်းသံ၊ မိုးစက်သံ၊ ပစ္စည်းလွင့်ကျသံ၊ သစ်ပင်သစ်ကိုင်းများကျိုးသံ၊ အိမ်ခေါင်မိုးနှင့် အိမ်နံရံကို တစုံတခုရိုက်ခတ်သံကိုလည်း အဆက်မပြတ် ကြားနေရသည်။ စိတ်ခြောက်ခြားဖွယ်ရာ ၂၀၁၁ Sweet December ပါတကား။

ထိုတစ်ညဥ့်လုံး မေးအိပ်လိုက်.. နိုးလာလိုက်..ထကြည့်လိုက်နှင့် ဃနာမငြိမ် ဖြစ်နေမိပါသည်။ မိသားစု(၃)ယောက် တစ်ခန်းထဲးတွင် အတူတူစုနေယင်း လေငြိမ်..မိုးစဲ၍ လင်းအာရုဏ် အမြန်ရောက်ရန် ဆုတောင်းနေကြပါသော်လည်း ထိုတစ်ညဥ့်တာသည် အလွန်ရှည်လှချည်လားဟု ညည်းညူမိပါသည်။

ကျမတို့၏ကယ်တင်ပိုင်ရှင် သခင်ယေရှုခရစ်တော်သည် လေနှင့်ပင်လယ်ကို ဆုံးမတော်မူ၍ အလွန်သာယာ ငြိမ်သက်စေသောအရှင် ဖြစ်သည်ကိုဂုင်း၊ စိတ်၏ငြိမ်သက်ခြင်းကို ပေးသောသခင် ဖြစ်သည်ကိုဂုင်း၊ ယုံကြည်ပါ၏။ ဝန်ခံပါ၏။ အသက်တာတွင် အခက်ခဲ တွေ့ကြုံရစဉ် ဘုရားသခင်၏ လက်တော်ထဲသို့ ပုံအပ်ဖို့ရန် လူသားအနေဖြင့် မလွယ်ကူပါ။ စိတ်ဂယောင် ခြောက်ခြားဖြစ်ကာ ဂတိတော်အပေါ် သံသယဝင်မိပါ၏။ ဩဝါဒများကို လျစ်လျူရှု၍ မျက်ကွယ်ပြုမိပါ၏။ လတ်တလော တွေ့ကြုံနေရသည့် ပြဿနာကို ကိုယ့်အားကိုယ်ကိုး၍ ဖြေရှင်းရန် တွန်းပို့မိပါ၏။ သို့ရာတွင် ကိုယ်ညာဏ်ကို အမှီပြုခြင်းသည် အချည်းနှီးဖြစ်ကြောင်း လက်တွေ့ သိရပါသည်။

ငယ်ရွယ်ချိန်က ကျမသည် မိုးအလွန်များသော မော်လမြိုင်မြို့မှာ ကြီးပြင်းလာခဲ့သည့် အတွက် မိုးကြီးခြင်း၊ လေပြင်းကျခြင်း၊ မိုးချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းတို့ကို အလွန်ကြောက်တတ်ပါသည်။ ထိုစဉ် ကျမ၏ အဖိုးနှင့်ဖခင်က ထိုအရာတိုင်း၏ နောက်တွင် အနန္တတန်ခိုးရှင် ရှိကြောင်း၊ ထာဝရဘုရားသည်သာလျှင် အရာရာကို ထိန်းချုပ်နိုင်ကြောင်းနှင့် ‘မုန်တိုင်းစဲသော်–သက်တံ့ပေါ်’ဟုပြောခဲ့သောစကားမှာ အရိုးအသဲထိစွဲကာ ယနေ့ထိတိုင် မမေ့နိုင်ပါ။ ဘုရားရှင်၏လက်တော်သည် အရာရာကို ထိန်းချုပ်နိုင်ကြောင်းသိလျှင် အမှုခပ်သိမ်းကို လက်တော်သို့ အပ်နှံနိုင်ပါ၏။ ထိုကြောင့် မျှော်လင့်ရာမဲ့ နေချိန်တွင် အခြေအနေအားလုံးကို ဘုရားသခင်၏လက်တော်တွင်း အပ်နှံပါ၏။ ဘုရားရှင်အား ထိန်းချုပ်ခွင့်ပြုပါ၏။ စိတ်အေး၍ ငြိမ်သက်ခြင်းရလာပါ၏။ အဆုံးမှာ ကျမတို့၏ စိုးရိမ်ပူပန်မှုများသည် ငြိမ်သက်ခြင်းနှင့်အတူ ကျေးဇူးတော်ချီးမွမ်းခြင်းကို ဖြစ်စေပါသည်။

မထင်မှတ်ဘဲ San Gabriel Velley တဝိုက် 90 > mph Santa Ana Windကြောင့် နှစ်၁၀၀ကျော် သစ်ပင်ကြီးများ အမြစ်ကကြွကာလဲပြို၊ အပင်ငယ် အလတ်အကြီး အရွယ်စုံ အမျိုးပေါင်းစုံ ကျိုးကျသလို လျှပ်စစ်မီးတိုင်များ ယိုင်လဲလို့ အိမ်ခြေ ၂၅၀,၀၀၀ ခန့် လျှပ်စစ်မီးမရှိဘဲ ရက်ပေါင်းအတော်ကြာ နေကြရပါသည်။ သစ်ပင်ပိ၍ နေအိမ်ပျက်စီးသူများ၊ မော်တော်ကား ဆုံးရှုံးသူလည်း မနည်းပေ။

ကျမတို့အိမ်ရှေ့ရှိ ထင်းရှူးပင်၏ထိပ်ပိုင်း ကျိုးပြတ်ကျလာသော်လည်း ကျမခင်ပွန်း၏ကားပေါ်သို့ မကျပါ။ ကျမသား၏အိမ် လမ်းနံဘေးရှိ စီးတီးCity မှစိုက်ထားသော သစ်ပင်ကြီးကျိုးကျသော်လည်း ကျမသား၏ကားပေါ်သို့ မကျပါ။ (နေ့စဉ်ထိုအပင်အောက်၌ကားရပ်ပါသည်။) အိမ်ဘေးမှသစ်ပင်အကိုင်းပဲ့ကျ၍ ခြံစည်းရိုးတွင်ကန့်လန့်ဖြတ်ဖြစ်နေသော်လည်း နေအိမ်ကို မထိခိုက်ပါ။ လုံခြုံမှုကို ဦးစားပေးကာ ခြံစည်းရိုးပင်များကို ခပ်မြင့်မြင့်ထားရာ အတန်းလိုက် ယိုင်လဲသော်လည်း အောက်ခြေနှင့်အမြစ် ဘာမျှ မဖြစ်ပါ။ ပြန်၍တည့်မတ်လိုက်ရာ ယခင်အတိုင်း အကောင်းပကတိပါ။

နံနက်လင်းသော် ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟများ၊ အသင်းတော်မှ ညီအစ်ကိုမောင်နှမများ၏ ဂရုတစိုက် သတင်းမေးသမျှကို ဘုရားသခင် ကွယ်ကာစောင့်ကြောင်း အပျက်အစီး မရှိပါကြောင်း ဖြေကြားကာ ကျေးဇူးတော်ကို ချီးမွမ်းနိုင်ခဲ့ပါသည်။

ရှင်းလင်းရေးကိစ္စမှာလည်း မတန်မဆ တောင်းဆိုမှုကြောင့် မိသားစုများ စုပေါင်းလုပ်နေသည့် အိမ်များကို အားကျကာ ကျမတို့မိသားစုလည်း တနေ့နည်းနည်းနှင့် လုပ်အားစိုက်ကာ ငွေမကုန်ဘဲနှင့် ပြီးမြောက်သွားပါသည်။

ကျမတို့အိမ်ရှေ့မှ ကျိုးပြတ်ကျလာသော ထင်းရှူးပင်၏ထိပ်ပိုင်းမှာ အနာအဆာမရှိ သဘာဝ အလှမပျက်သောကြောင့် မစွန့်ပစ်ဘဲ အိမ်၏အပြင်ဘက် တံခါးဝနားမှာ ornaments, ribbons & beads

များချိတ်ဆွဲ၍ Christmas Tree ပြင်ဆင်ထားရာ အိမ်သို့ရောက်လာသူများက ဒီနှစ် Christmas Tree က အလှဆုံးလို့ပြောကြရာမှာ ဘုရားပေးတဲ့ Christmas Tree ဟုဖြေကြားယင်း ၂၀၁၁ Sweet December ၏အဖြစ်အပျက်ကို ပြန်လည်ပြောပြကာ အထပ်ထပ် အခါခါ ကျေးဇူးတော်ကို ချီးမွမ်းရပါသည်။

ထာဝရဘုရားသည် ဘယ်အရာကိုမျှ အချည်းနှီးသက်သက် လုပ်တော်မမူပါ။ ခပ်သိမ်းသောအရာ အားလုံးအတွက် အကြံအစည်ရှိတော်မူ၏။ ထာဝရဘုရားသည် မထီမဲ့မြင်ပြုတော်မမူတတ်ပါ။ မိုးသက်မုန်တိုင်းထဲမှာပင် ကြီးစွာသောအံ့ဩဘွယ်ရာများကို လုပ်ဆောင်လျက်ရှိတော်မူသောကြောင့် ကျေးဇူးတော်ကြီးလှပါ၏။

တခါတရံတွင် တွေ့ကြုံခံစားရသော ခက်ခဲမှုများ၊ စိုးရိမ်ပူပန်မှုများသည် သက်သေခံပြသရန် ဇာတ်လမ်းတစ်ပုဒ်.. သက်သေခံရေးသားရန် ကလောင်စွမ်းတစ်ချက်.. သက်သေခံဟောပြောရန် စင်မြင့်တစ်ခု.. ဖြစ်ပါ၍၊ အဆိုးထဲမှ အကောင်းဖြစ်ကြောင်းကို သက်သေခံပါသည်။

ဘုရားသခင်၏ ဘုန်းတန်ခိုး၊ အာနုဘော်သည် ကမ္ဘာအဆက်ဆက် တည်ပါစေသော်၀။အာမင်။

**သက်သေခံသူ– ရီရီအေး**

---

# ကြိုဆိုကြစို့



ခရစ္စမတ်ဟူသည် အင်္ဂလိပ်စကားဖြစ်သော Christmas မှပေါက်ဖွားလာပါသည်။ ၎င်းစကားလုံးသည် Christenmasse “ Christian mass” ဟူသောစကားလုံးမှ ဆင်းသက်လာသည်။ ခရစ္စမတ်Christmas စကားလုံးကို AD ၁၀၀၀ နောက်ပိုင်းမှ စတင်၍ အသုံးပြုခဲ့ကြသည်။ အဓိပ္ပါယ်မှာ ‘ခရစ်တော်၏လူစု’ ဖြစ်ပါသည်။ ခရစ္စမတ်ဟူသည် ‘ခရစ်တော်၏မွေးဖွားခြင်းသဘော’ကိုဆောင်ပါသည်။

သခင်ယေရှု၏မွေးနေ့သည် ဒီဇင်ဘာ၂၅ ရက်နေ့ ဖြစ်သည်ဟု ဦးစွာပြောသူမှာ အန္တီအုတ်မြို့ရှိ သီအိုဖိလု ဖြစ်ပါသည်။ AD ၁၈၀ တွင် ဒံယေလ အနာဂတ္တိကျမ်းကို အနက်ဖွင့်သော ဟစ်ပိုလီတပ်သည် ဩဂတ်စတတ်မင်းကြီး၏ အသက်၄၂နှစ်မြောက်နေ့မှာ ဒီဇင်ဘာ၂၅ရက်၊ ဗုဒ္ဓဟူးနေ့ ဖြစ်သည်ဟုဖော်ပြပြီး၊ AD ၃၅၆ တွင် ဖိလိုကယ်လပ်၏ ပြက္ခဒိန်၌ ဒီဇင်ဘာ၂၅ရက်၊ သောက်ကြာနေ့၊ လဆန်း၁၅ ရက်ကို ယေရှုမွေးဖွားပြီး ပထမနှစ်ဟု မှတ်တမ်းတင် ထားပါသည်။ ကွေ့ရာဇ်ဘုရင်ကြီး ကွန်စတင်တိုင်း စိုးစံသောအခါ၊ AD ၃၂၀ ပက်၀န်းကျင်တွင် ရောမမြို့ရှိ အသင်းတော်၌ ဒီဇင်ဘာ ၂၅ ရက်ကို သခင်ယေရှု မွေးဖွားရာနေ့အဖြစ် သတ်မှတ်ခဲ့၏။ ထိုအခါမှစ၍ ကမ္ဘာပေါ်တွင် ခေတ်အဆက်ဆက် မွေးနေ့တော်ပွဲကို ကျင်းပခဲ့သည်။

ယခုလို ခရစ္စမတ် အချိန်ကာလမှာ သားတော်ဘုရား လူ့ဇာတိအဖြစ်ကို ယူရခြင်း၏ ထူးခြားသောအချက် ၃.. ခုကို တင်ပြလိုပါသည်။

ပထမအချက်မှာ .. ဘုရားသခင်သည် သေခြင်းတရား၏ လက်အောက်သို့ ချဉ်းနင်း၀င်ရောက်လျှက်ရှိသော လူသားအပေါင်းကို ကယ်တင်ရန်အတွက် ပရောဖက်များဖြင့် စေခိုင်းခဲ့ပါသည်။ သို့ရာတွင် အကျိုးမရောက် ကယ်တင်ခြင်း မပြီးမြောက်ခဲ့ပါ။ နောက်ဆုံးမှာ လူသားများကိုချစ်၍ ပစ်မထားနိုင်သောကြောင့် ပဋိညာဉ်တရားသစ်နှင့်တကွ သားတော်ရင်းကို မနှမြောဘဲ စေလွှတ်ခဲ့ပါသည်။

သားတော်ဘုရား၏ မွေးဖွားခြင်းသည် ကမ္ဘာ့သမိုင်းကို နှစ်ပိုင်း ခွဲလိုက်ခြင်း ဖြစ်ပါသည်။ ခရစ်တော် မမွေးဖွားမီ အချိန်ကာလကို Before Christ (BC) အဖြစ် သတ်မှတ်ပြီး ခရစ်တော် ဖွားမြင်ပြီးနောက် ယခုခေတ်ပိုင်းကို Anno Domini ( AD - Year of the Lord) သတ်မှတ်ဖော်ပြခဲ့ပါသည်။ ဤသို့ နေ့ရက်တိုင်း ခရစ်သက္ကရာဇ်ဖြင့် ရေတွက်နေရသောကြောင့် ခရစ်တော်သည် ကျွန်ုပ်တို့ကို နေ့စဉ် အုပ်စိုးနေကြောင်း သိနိုင် သကဲ့သို့ လူအပေါင်းတို့ ကယ်တင်ခြင်းရ၍ ခမည်းတော်နှင့် မိဿဟာယဖြစ်ရန် ကမ္ဘာနှင့်ချီလုပ်ဆောင်နေသော ခရစ်တော်၏မစ်ရှင်လည်း ဖြစ်ပါသည်။ ကျွန်ုပ်တို့အသက်တာမှာ မထိုက်မတန်၊ မမျှော်လင့်ဘဲနှင့် ရောက်လာသောကယ်တင်ရှင်ကို စိတ်နှလုံးတံခါးဖွင့်၍ ကြိုဆိုလက်ခံရန်သာ ပဓါန ပထမပါ။

ဒုတိယထူးခြားချက်မှာ .. နှုတ်ကပတ်တော်သည် လူဇာတိအဖြစ်ကိုခံယူ၍၊ (ယော၊၁း၁၄) သခင်ဘုရားမွေးဖွားခြင်းသည် လူသားများ ဘုရားဘယ်မှာရှိသလဲ? ဟူ၍ လိုက်ရှာခြင်းမျိုး မဟုတ်ပါ။ ဘုရားသည် လူသားခပ်သိမ်းထံသို့ အရောက်ဆင်းကြွလာပြီး၊ လူတွေ ကြားထဲမှာ လူသားတစ်ဦးအသွင်လာ၍ မွေးဖွားခံခြင်းဖြစ်ပါသည်။ အောက်အရပ်မြေပြင်မှ အပေါ်သို့တက်ရန် ကျင့်ကြံကြိုးစားမှုမျိုးမဟုတ်။ အထက်အရပ် ကောင်းကင်ဘုံနန်းမှ အောက်အရပ်ကို ကြွဆင်းသက်ရောက်လာခြင်း ဖြစ်ပါသည်။

ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူအပေါင်း တို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာ၀ရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။ လောကီသားတို့အား အပြစ်စီရင်ခြင်းငှါ၊ ဘုရားသခင်သည် သားတော်ကို ဤလောကသို့ စေလွှတ်တော်မူသည်မဟုတ်။ လောကီသားတို့သည် ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ ရောက်မည်အကြောင်း စေလွှတ်တော်မူ၏။ (ယော၊၃း၁၆–၁၇)

ရှင်ယောဟန်ရေးသားသော အထက်ပါကျမ်းပိုဒ်များအရ .. ဘုရားသခင်၏ တစ်ပါးတည်းသော သားတော် လူအဖြစ်ကို ခံယူခြင်းဖြစ်၏။ ခမည်းတော်ဘုရားသည် လောကီသားတို့ကို ချစ်သည့်အတွက် အပြစ်မှ ကယ်တင်ဖို့ရန် တစ်ပါးတည်းသော သားတော်ကို စေလွှတ်ခြင်း ဖြစ်ပါသည်။ ၃၃ နှစ်တာမျှသာ လူ့လောကထဲမှာ နေထိုင်သွားသည် မဟုတ်ပါ။ ကပ်ကမ္ဘာကုန်သည့်တိုင်အောင် ဧမာနွေလ Immanuel ခေါ်သည့် ‘ကျွန်ုပ်တို့နှင့်အစဉ်အမြဲ အတူရှိတော်မူသောဘုရား’ ဖြစ်တော်မူပါသည်။ (မဿဲ၊ ၁း၂၃)

ဤတွင် ဘုရားဖြစ်လျှင် လူ့အဖြစ်ကို ဘာလို့ယူရသနည်း?။

‘စေ’တစ်လုံးနဲ့လူတွေကို ကယ်တင်လို့ မရလား?။ ... ဟုမေးခွန်းထုတ်ကြပါသည်။

ကျွန်ုပ်တို့ စဉ်းစားရလွယ်အောင် ‘ငွေမျောလျှင် .. ငွေနဲ့လိုက်၊ လှေမျောလျှင် .. လှေနဲ့လိုက်၊ လူမျောလျှင် .. လူနဲ့လိုက်’’ ဆိုသည့် မြန်မာ့ဆိုရိုးစကား တစ်ခုရှိပါတယ်။ အပြစ်တွင်းမှာ နစ်မျောနေကြသော လူသားများ ကယ်တင်ရရန် လူ့သားအဖြစ် ခံယူခြင်းသည် မှန်ကန်လှပေ၏။ နည်းလမ်းကြ ပေ၏။

‘စေ’တစ်လုံးနှင့် ကယ်တင်နိုင်ရန် ဘုန်းတန်ခိုးအာနုဘော်ရှိပေ၏။ ဘုရား၏တန်ခိုးတော်ဖြင့် ကောင်းကင်တမန်များ အခြံအရံတို့နှင့် ကြွမြန်းလာလျှင် ဘုန်းဂုဏ်အရှိန်အ၀ါတွေကို ကြောက်ကြမည်။ ကြောက်၍ ကိုးကွယ် ပူဇော်ပသခြင်းမျိုးကို ဘုရားသခင် မလိုလားပါ။

ထိုဘုန်းတန်ခိုးတော်ဖြင့် ကောင်းသူကိုကယ်၍၊ မကောင်းသူကို ပယ်နိုင်ပါသည်။ သို့ရာတွင် ထာဝရဘုရားသည် သနားတတ်သောသဘော၊ ကျေးဇူးပြုတတ်သောသဘော၊ စိတ်ရှည်၍ကရုဏာကြွယ်ဝသောသဘော ရှိတော်မူသဖြင့် အစဉ်မပြတ် အပြစ်တင်တော်မူသည် မဟုတ်။ အငြိုးကို အမြဲထားတော်မူသည် မဟုတ်။ လူတို့၏ ပြစ်မှားခြင်း နှင့်အလျောက် လူတို့၌ ပြုတော်မမူပါ။ လူတို့၌ ဒုစရိုက်များရှိသည်အတိုင်း အပြစ်ကို ပေးတော်မမူပါ ။ ထာဝရဘုရားသခင်ကို မထီမဲ့မြင် ပြုတတ်သော စိန်ကျောက်ကဲ့သို့ ခိုင်မာသောနှလုံးသား ရှိသောလူအပေါင်းတို့ကို အဘယ်မျှ ချစ်တော်မူကြောင်း ပြသလိုသည့် အတွက် မိမိ၌ တစ်ပါးတည်းသော သားတော်ကို ဤလောကသို့ စွန့်၍ လူ့ဇာတိ ခံယူစေတော်မူပါ၏။

ဘုရားသခင်သည် ချစ်ခြင်းကို စွန့်လွှတ်ခြင်းနဲ့ သက်သေပြခဲ့ပါသည်။ လူ၊လူသားချင်း အဆင့်အတန်းတူသွားသောအခါ ဘုရားမေတ္တာနှင့် စွန့်လွှတ်မှုကို ပိုမိုနားလည် တန်ဖိုးထားစေလိုသည့်သဘော ဆန္ဒနှင့် အကြံစည်တော်၊ အလိုတော်၊ ရှိပါသည်။

တတိယထူးခြားချက်မှာ .. သားတော်ဘုရား ဆင်းသက်ကြွလာခြင်းသည် ပါရှားလူမျိုး၊ ရောမလူမျိုးတို့၏ ဒဏ္ဍာရီတွင်၎င်း၊ ဓမ္မဟောင်းကျမ်းတွင်၎င်း၊ ကမ္ဘာလောကသားများ အားလုံးကို ကယ်တင်မည့်အရှင် ကယ်တင်ရှင်မေရှိယ ကြွလာမည်ကို ကြိုတင်ကြေငြာ အသိပေးထားတဲ့အတိုင်း ဖြစ်ပျက်လာခြင်းဖြစ်၏။

နှစ်ပေါင်း ၇၀၀၊ ပရောဖက်ဟေရှာယအားဖြင့် ..

အပျိုကညာစင်မှ ဖွားမြင်၍၊ မောနွေလ အမည်ဖြင့် မည့်ခေါ်ရမည့်အကြောင်း၊ (ဟေ၊ ၇း၁၄) သတို့သမီးကညာသည်၊ ပဋိသန္ဓေယူ၍၊ သားယောကျ်ားကို ဘွားမြင်လတံ့။ ထိုသားကို မောနွေလအမည်ဖြင့် မှည့်ရလတံ့။

နှစ်ပေါင်း ၆၀၀၊ ပရောဖက်ယေရမိ အားဖြင့် ..

ဒါဝိဒ်အမျိုးအနွယ်မှ ဖွားမြင်မည့်အကြောင်း၊ (ယေ၊၂၃း၅–၆)

သန့်ရှင်းသောအညွန့်ကို ဒါဝိဒ်အဘို့ ငါပေါက်စေသည်အတိုင်း၊ ဥာဏ်ကောင်းသော ရှင်ဘုရင်တစ်ဦးသည် စိုးစံ၍၊မြေကြီးပေါ်မှာတရားသဖြင့် ဖြောင့်မတ်စွာစီရင်ရာကာလသည် ရောက်လိမ့်မည်။ ထိုမင်းလက်ထက်၌ယုဒပြည်သည် ကယ်တင်ခြင်းသို့ရောက်၍၊ ဣသရေလပြည်လည်း ငြိမ်ဝပ်စွာနေရလိမ့်မည်။ထိုမင်းသည် ယေဟောဝါဇေဒကနုဟူသော ဘွဲ့နာမ ရှိလိမ့်သတည်း။

နှစ်ပေါင်း ၅၀၀– ပရောဖက်မိက္ခာအားဖြင့် ..

ဗက်လင်မြို့မှာဖွားမြင်မည့်အကြောင်း၊ (မိ၊ ၅း၂)

အိုဗက်လင်ဖေရတ်မြို့၊ အစိုးရသော ယုဒမြို့တို့တွင် သင်သည် မြို့ငယ်မြို့ယုတ်ဖြစ်သော်လည်း၊ ဣသရေလအမျိုးကို အုပ်စိုးရသောသခင်သည် ငါ့အဘို့ သင်၏အထဲမှာ ပေါ်ထွန်းလတံ့။ ထိုသခင်သည် ရှေးကပ်ကမ္ဘာမှစ၍ ပေါ်ထွန်းသောသခင် ဖြစ်၏။

အတိကျကြိုတင် ပြောထားသည်ဖြစ်၍၊ ရိုးရိုးသာမန်တိုက်ဆိုင်မှုတစ်ရပ် မဟုတ်ပါ။ ဘုရားသခင်ဂတိထားတော်မူရာ ခါနန်ပြည်ကို ဂျူးလူမျိုးများ စတင်ဝင်ရောက်ပြီး အခြေချ နေထိုင်သည့် အချိန်မှစ၍ ကယ်တင်ရှင် မေရှိယကြွလာသည်အထိ နှစ်ပေါင်း(၉၀၀)အတွင်းမှာ ပရောဖက်များကို တစ်ပါးပြီးတစ်ပါး စေလွှတ်၍ ကြိုတင်ဟောကြားခဲ့ခြင်းဖြစ်ပါသည်။

ဤသို့ အတန်တန် ကြိုတင်အသိပေးထားပါလျှက်၊ အနှစ်နှစ်အလလ၊ ခေတ်အဆက်ဆက်၊ စောင့်၍မျှော်လင့်နေကြပါလျှက်၊ ဗက်လင်မြို့တွင် သူငယ်တော်'ယေရှု' မွေးဖွားလာသည့် ပထမဦးဆုံး ခရစ္စမတ်အချိန်မှာ ဂျူးလူမျိုးအများသည် ဤသိတင်းကောင်းအကြောင်းကို ......

- အဘယ်ကြောင့် မသိလိုက်ရ .. သနည်း?။
- အဘယ်ကြောင့် မဖူးတွေ့လိုက်ရ .. သနည်း?။
- အဘယ်ကြောင့် လွဲခဲ့ရ .. သနည်း?။

ယခုဘွားမြင်သော ယုဒရှင်ဘုရင်သည် အဘယ်မှာ ရှိတော်မူသနည်း။ အရှေ့ပြည်၌ သူ၏ကြယ်ကို ငါတို့မြင်ရသည် ဖြစ်၍ ဖူးတွေ့ပူဇော်ခြင်းငှါ ရောက်လာပြီဟု မာဂုပညာရှိများ ပြောကြားခဲ့သည်။ ယုဒရှင်ဘုရင် မွေးဖွားလာမည်ဆိုလျှင် နန်းတော်ကြီးထဲက မင်းမျိုးမင်းနွယ်တွေကြားမှာ ရွှေလင်ပန်းနဲ့ အချင်းဆေးပြီး မွေးဖွားလိမ့်မယ်လို့ တစ်မျိုးသားလုံး မျှော်လင့်နေကြမှာ အမှန်တကယ်ပါ။ သိမ်ငယ် လှစွာသော နွားတင်းကုပ်၏ နွားစားခွက်မှာ မွေးပြီးသိပ်ထားလိမ့်မည်ဟု စိတ်ကူးထဲမှာ ယောင်ရမ်းလို့ပင် တွေးမိမည်မဟုတ်ပါ။

ဤမျှအားကိုးရာမဲ့ နုံချာလှသော ဘဝအခြေအနေမှာ ကြွလာလိမ့်မည်ဟု မထင်ဝံ့သော်လည်း သခင်ဘုရားသည် လူသားအများ မျှော်လင့်မထားသော အခြေအနေတွင် နှိမ့်ချစွာဖြင့် အနိမ့်ဆုံးနေရာမှာရှိနေခဲ့ပါသည်။

နေကို ဖန်ဆင်းပြီး အလင်းရောင်နှင့် အနွေးဓာတ်ပေးခဲ့သောအရှင်သည် .. သိုးနွားများ၏ ကိုယ်ငွေ့ကြား အနွေးဓာတ်ကို ရှာခဲ့ရသူ .. သူငယ်တော်'ယေရှု'။

ကမ္ဘာမြေပြင်ကို သစ်ပင်ပန်းမာလ်တွေ ဖန်ဆင်းဖုံးလွှမ်းခဲ့သောအရှင်သည် .. အနီးအဝတ်လေးတစ်ထည်သာ ပိုင်ဆိုင်မှုရှိခဲ့သူ .. သူငယ်တော်'ယေရှု'။

စကြဝဠာတစ်ခွင်လုံးမှာ ဥတုရာသီကို ဖန်ဆင်းခဲ့သောအရှင်သည် .. ညဥ့်အချိန်မှာ ချမ်းအေးဒဏ်ကြောင့် လူးလွန့်နေခဲ့ရသူ .. သူငယ်တော်'ယေရှု'။

ထာဝရနှုတ်ကပါတ်တော်ဟူ၍ အခေါ်ခံရသူ၏နှုတ်ခမ်းမှ ငိုကြွေးခဲ့ရသူ .. သူငယ်တော်'ယေရှု'။

ဤကမ္ဘာလောက၏ ထာဝရအရှင် သခင်ဘုရားသည် လောကီသားတို့ကို ချစ်သည့်အတွက် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဤလောက လူသားများထံသို့ ဆင်းကြွလာခြင်းသည် ဆီလျော်သော ဖြစ်သင့်သော ကိစ္စဖြစ်သည့် အတွက် လက်ခံထိုက်ပေသည်။ ဤသို့ သခင်ဘုရားသည် သူငယ်တော် 'ယေရှု' အဖြစ် ကြွလာတော်မူပါလျက် သခင်ဘုရားကို မကြိုဆို၊ လက်မခံ၊ လစ်လျူရှုထားမည်ဆိုလျှင် ဤသူငယ်တော်ကို 'ဘုရားသားတော်'အဖြစ်လက်မခံ.. မဖြစ်နိုင်.. မဟုတ်ဘူး.. ဟူ၍ ငြင်းလိုက်သည်နှင့် အတူတူပင်ဖြစ်ပါသည်။ အမှန်မှာ သခင်ဘုရားသည် လူသားတွေကြားမှာ မထင်မရှားနှိမ့်ချစွာဖြင့် ရှိနေပါသည်။ ဂျူးလူမျိုးများ၏ ဘဝသမိုင်းမှတ်တမ်းမှ ကျွန်ုပ်တို့ဘဝ သင်ခန်းစာမှတ်ယူပြီး၊

- လူတွေ မထင်မှတ်တဲ့နေရာ
- လူတွေ မမျှော်လင့်တဲ့ အခြေအနေ
- လူတွေကြားမှာ မထင်မရှားနဲ့ ... ဖွားမြင်လာသည့် သူငယ်တော်ယေရှုကို ဖူးတွေ့နိုင်ဖို့ ကြိုဆိုကြပါစို့။

သို့မှသာ အဘဘုရား၏ တစ်ပါးတည်းသောသားတော် သခင်ယေရှုသည် လူသားများအပေါ် အစေခံဖို့နဲ့ ပြစ်ကြွေးပေးဆပ်ဖို့ မေတ္တာနှင့်ကျေးဇူးပြုခဲ့သော ကယ်တင်ခြင်းကို ကျွန်ုပ်တို့ ကေန်အမှန် လက်ခံယုံကြည်သည့်အကြောင်း ထင်ရှားပါလိမ့်မည်။ ။

**မဆိုရှယ်(မော်ထင်လီနီး)**



# သင်ရှာနေသလား!

ဆောင်းတည့်ကႉထွန်းလင်းကြယ်ႉကွယ်ကာပျောက်လို့
နွားစာခွက်လည်း ... မရှိတော့
ဗက်လင်မြို့ကႉသူငယ်တော်ကိုႉဘယ်မှာရှာတွေ့ပါ့မလဲ!

လှပရွဲလုံးႉမီးသီးရောင်စုံႉခရစ္စမတ်သစ်ပင်တွေကြား
ဗက်လင်မြို့ကႉသူငယ်တော်ကိုႉသင်ရှာနေသလား!

သင်ရှာရန်မလိုတော့ႉသခင်ကသင့်ကိုႉရှာတွေ့ပြီ၊
ဘယ်မှာလဲႉသင်ဆိုလာလျှင်ႉသင့်အနီးအနားမှာပါ။

သင့်လုပ်စရာများႉခေတ္တရပ်ထားႉနားစွင့်လိုက်ပါ။
သခင့်တောင်းပန်သံႉတိုးညင်စွာႉသင်ကြားရမှာ
သင်နှင့်အတူႉအမြဲနေရန်ႉသခင်ရှိပြီမို့ႉရှာရန်မလိုတော့။

♠Smile

# သခင်ခရစ်တော်၏မွေးနေ့ကို ယနေ့ထိ အဘယ်ကြောင့်ပြုလုပ်ရသလဲ?။

ဒေါ်ကော–ခေါ်နီနွဲး

ယုံကြည်သူအပေါင်းတို့သည် နှစ်စဉ် ဒီဇင်ဘာလ ၂၅ရက်နေ့ကို သခင်ခရစ်တော်၏မွေးနေ့ (သို့) ခရစ္စမတ်နေ့ ဟူ၍ သတ်မှတ်ထားသည်။ ထိုနေ့တွင် မိသားစု၊ မိတ်ဆွေများ တွေ့ဆုံခြင်း၊ အသင်းတော်များတွင် ပျော်ပွဲရွှင်ပွဲ၊ သီချင်းဆိုခြင်း၊ ပြဇာတ်ပြခြင်းႉ စသည်ဖြင့် ဘုရားဝတ်ပြုခြင်း အစီအစဉ်များကို တမူထူးခြားစွာ ပြုလုပ်ပြီး၊ အစားအသောက်ကို အကောင်းဆုံးချက်၊ များများလုပ်ပြီး၊ ဝေငှကျွေးမွေးခြင်း၊ လက်ဆောင်ပစ္စည်း ဖလှယ်ခြင်း၊ ပေးကမ်းခြင်း၊ တို့ကိုပြုလုပ်ကြသည်။

ဒီဇင်ဘာလထဲဝင်ပြီဆိုလျှင် ဆောင်းရာသီ၏အလှ၊ သင်းပျံ့သော [illegible] ကြရပါ၏။ နှင်းမှုံများကြား လျှောက်သွားရခြင်းမှာ ထူးခြားသောအရသာကို ဖြစ်စေသည်။

ခရစ္စမတ်ဆိုသည်မှာ အိမ်ကိုအလှပြင်၊ မီးရောင်စုံထွန်း၊ အင်္ကျီအသစ်ဝတ်၊ လက်ဆောင်ဖလှယ်နှင့် အစားကောင်းကောင်း ချက်စားတာကို ခေါ်ပါသလား?။

သခင်ခရစ်တော်၏မွေးနေ့ကို နှစ်စဉ်ကျင်းပလာခဲ့ကြပေမဲ့၊ ခရစ္စမတ်၏အဓိပ္ပါယ်ကို သေချာစွာ မစဉ်းစားဘဲ ကျော်လွန်လာခဲ့သူများ ရှိကောင်းရှိပေမည်။

အကယ်စင်စစ် လောကီသားများအတွက် ဝိညာဏမျက်စိဖွင့်ပေးရန် လောကသို့ ကြွလာသော သခင်ခရစ်တော်ကိုကျေးဇူးတင်သည့်နေ့၊ ထိုဝမ်းမြောက်ဖွယ်သတင်းကို သယ်ဆောင်လာသော ကောင်းကင်တမန်များနှင့်တကွ လောကီသားအားလုံးအတွက် ဝမ်းမြောက်ဝမ်းသာစေသောနေ့ ဟုဆိုရပေမည်။

ဘာကြောင့်လဲ?။ ဆာလံ၊ ၁၁၉း၁၈မှာ " တရားတော်၌ အံ့ဘွယ်သောအရာ တို့ကို မြင်နိုင်ပါမည်အကြောင်း အကျွန်ုပ်၏ မျက်စိတို့ကို ဖွင့်တော်မူပါ။"

ပရောဖက်ဟေရှာယသည် ရှေးမဆွကပင် ကယ်တင်ခြင်းကို အဆုံးတိုင်အောင် ဆောင်ရွက်မည့် ဘုရားသခင်၏ အထူးကိုယ်စားလှယ်တော် ပေါ်ထွန်းမည့်အကြောင်း အပြစ်နှင့်ပြည့်နေသော နှလုံးသားများအတွက် ဝိညာဏနှင့်ဆိုင်သော သန့်ရှင်းစင်ကြယ်ခြင်းကို မစမည့် ကယ်တင်ရှင်ကို စေလွှတ်မည်အကြောင်း၊ ထိုသူသည် အညွန့်၊ အမြစ်၊ ငြိမ်သက်ခြင်းအရှင်၊ ဖြောင့်မတ်ခြင်တရားတော်မင်း၊ လူမျိုးအပေါင်းတို့၏ ခေါင်းဆောင်၊ ထာဝရဘုရား၏ကျွန် ဖြစ်မည်အကြောင်း ရူပါရုံ ရှိခဲ့ပြီး ဖြစ်သည်။

လောကီသားများသည် အပြစ်နွံတွင်းမှာ နစ်မွန်းကုန်ကြပြီ။ မျှော်လင့်ရာမဲ့နေကြပြီ။ ထိုလူသားများကို ကယ်တင်ရန် မွေးဖွားခြင်းကိုခံယူ၍၊ လောကီသားတို့၏ အပြစ်များကို ကယ်ချွတ်မည့်သူဖြစ်သောကြောင့် "ယေရှု" ဟုအမည် မှည့်ရမည် အကြောင်းကို ရှင်မဿဲ၊ ၁ း၂၀–၂၁ တွင် ဤသို့ ဖေါ်ပြထားသည်။ –– သားယောက်ျားကို ဘွားမြင်လိမ့်မည်။ ထိုသားသည် မိမိလူတို့ကို အပြစ်မှ ကယ်ချွတ်မည့်သူဖြစ်သောကြောင့်၊ "ယေရှု" ဟူသောအမည်ဖြင့် မှည့်ရမည်ဟု ကောင်းကင်တမန် ဆို၏။ ––

သို့ကြောင့် ထိုသားတော်ကို အံ့သြဖွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသောဘုရားသခင်၊ ထာဝရအဘ၊ ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံတော်မူလိမ့်မည် အကြောင်း၊ ပရောဖက် ဟေရှာယအား ဗျာဒိတ်ပေးထားကြောင်း၊ ဟေရှာယ၊ ၉း၆ တွင် တွေ့နိုင်သည်။

ယုံကြည်သူတို့၏နှလုံးသားထဲမှာ ခရစ်တော်ကို မွေးဖွားခံနိုင်ဘို့ရန် စိတ်နှလုံးတံခါးကို ဖွင့်ထားလျှက်၊ လက်ခံယုံကြည်ပြီး ဝန်ခံကြရမည်။

သခင်ခရစ်တော် မွေးဖွားသည့်အချိန်တွင် –
မာဂုပညာရှိများရှာကြသည်။ မတွေ့။ နောက်မှတွေ့သည်။
ဟေရုဒ်မင်းကြီး၏ တပ်သားများရှာကြသည်။ မတွေ့ပါ။

ထာဝရဘုရား၏ ကောင်းကင်တမန် ပြောကြားခက်အရ သိုးထိန်းများ အလျင်အမြန်သွား၍ ရှာကြသည်။ နွားစားခွက်၌ သိပ်ထားလျှက်ရှိသော သူငယ်ကို တွေ့ကြ၏။ ဦးစွာတွေ့သောသူများမှာ သိုးထိန်းများဖြစ်ကြသည်။

သခင်ခရစ်တော်ကို မိမိ၏နှလုံးသားထဲ အမှန်တကယ်လက်ခံပြီး၊ ဝတ်ပြုကိုးကွယ်လိုသောစိတ်ဖြင့်မရှာလျှင် မတွေ့နိုင်။

ထို့ကြောင့် ခရစ္စမတ်ဟူသော ဝေါဟာယသည် ရိုးစဉ်းသော်လည်း၊ မှန်ကန်သည့် အဓိပ္ပါယ်ကို သေချာစွာမသိခဲ့ပါမူ ထူးခြားအံ့သြဘွယ်ရာ ခရစ်တော် "ယေရှု"၏ မွေးနေ့သည် Santa Claus နှင့် Happy Holiday အသွင်အဖြစ် မှတ်ထင်ဖွယ်ရာ ဖြစ်သွားပါလိမ့်မည်။

အယောက်စီ၏နှလုံးသားထဲတွင် သခင်ခရစ်တော်ကို မွေးဖွားခံနိုင်သောသူများဖြစ်ပါစေ။ ။



# ခရစ္စမတ်ချိန်ခါမှာ – ဆင်ခြင်လိုက်ပါ

- **ခရစ္စမတ်၏သတင်းသည် – သတင်းကောင်း၊** (လုကာ၊ ၂း၈–၁၀)

ထိုပြည်မှာသိုးထိန်းတို့သည် ညဥ့်အခါတောအရပ်၌တည်းခိုလျက်၊ မိမိသိုးစုကို စောင့်နေကြသည် ဖြစ်၍၊ ထာဝရဘုရား၏ ကောင်းကင်တမန်သည် သူတို့အနားမှာပေါ်လာ၍၊ ပတ်ဝန်းကျင်၌ ထာဝရဘုရား၏ ဘုန်းတော်ထွန်းတောက်သဖြင့်၊ သူတို့သည် အလွန်ကြောက်ရွံ့ခြင်းသို့ရောက်ကြ၏။ ကောင်းကင်တမန်ကလည်း၊ ကြောက်ရွံ့ခြင်းမရှိကြနှင့်။ လူအပေါင်းတို့သည် အလွန်ဝမ်းမြောက်ဝမ်းသာစရာ သိတင်းကို ငါသည် သင်တို့အား ကြားပြောရ၏။

- **ခရစ္စမတ်၏အလင်းသည် – ဟုတ်မှန်သောအလင်း** (ယော၊ ၁း၉)

ဟုတ်မှန်သောအလင်းမူကား၊ ဤလောကသို့ကြွလာလျက် ခပ်သိမ်းသောလူအပေါင်းတို့အား အလင်းကို ပေးသောသူ ဖြစ်သတည်း။

- **ခရစ္စမတ်၏လက်ဆောင်သည် – အမွန်မြတ်ဆုံး၊** (ယောဟန်၊ ၃း၁၆)

ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူ အပေါင်း တို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌တပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။

- **ခရစ္စမတ်၏အလှူသည် – အကောင်းဆုံးပူဇော်သက္ကာ** (မဿဲ၊ ၂း၁၁)

မယ်တော်မာရိနှင့်တကွ သူငယ်တော်ကို တွေ့မြင်လျှင် ပြပ်ဝပ်ကိုးကွယ်၍၊ မိမိတို့ဘဏ္ဍာဥစ္စာတို့ကို ဖွင့်ပြီးမှ လောဗန်နှင့် မုရန်တည်းဟူသော နံ့သာမျိုးကိုရွင်း၊ ရွှေကိုရွင်း၊ ဆက်ကပ်ပူဇော်ကြ၏။

- **ခရစ္စမတ်၏သခင်သည် – ဧမာနွေလ** (မဿဲ၊ ၁း၁၁)

ထိုသားကို ဧမာနွေလအမည်ဖြင့် မှည့်ရကြလတံ့ ဟုလာသတည်း။
ဧမာနွေလအနက်ကား၊ ငါတို့နှင့်အတူ ရှိတော်မူသော ဘုရားသခင်ဟု ဆိုလိုသတည်း။

- **ခရစ္စမတ်၏အနှစ်သာရသည် – ငြိမ်သက်ခြင်း** (လုကာ၊ ၂း၁၄)

ကောင်းကင်ဘဝဂ်ဝယ် ဘုရားသခင်သည် ဘုန်းကြီးတော်မူစေသတည်း။ မြေကြီးပေါ်၌လည်း ငြိမ်သက်ခြင်း ရှိစေသတည်း။ လူတို့အား မေတ္တာကရုဏာ ရှိစေသတည်းဟု ဘုရားသခင်ကို ချီးမွမ်း၍ မြွက်ဆိုကြ၏။

**ကျူးငယ်အားမာန်**



# ခရစ္စမတ်ချိန်ခါ နှင့် လောက၏အလင်း

လွန်ခဲ့သောနှစ်ပေါင်း(၂၀၀၀)ကျော်အချိန်က၊ ထူးဆန်းတောက်ပသော ကြယ်ကြီးအကြောင်းကို ပြန်လည်ကာ တွေးမိပါသည်။

ထိုကြယ်ကြီးသည် ကယ်တင်ပိုင်သောအရှင်'မေရှိယ'ဖွားမြင်ကြောင်း အတိတ်နမိတ်ဖြစ်သည်။ အရှေ့ပြည်၌ မြင်ရသောကြယ်သည် မာဂုပညာရှိတို့ ရှေ့ကသွားသဖြင့်၊ သူငယ်တော် ရှိရာအရပ် အပေါ်သို့ရောက်၍ တည်လျက်နေ၏။ ထိုကြယ်ကို မြင်ပြန်သောအခါ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်၍၊ အိမ်သို့ဝင်လေသော်၊ မယ်တော်မာရိနှင့်တကွ သူငယ်တော်ကို တွေ့မြင်လျှင် ပြပ်ဝပ်ကိုးကွယ်၍၊ မိမိတို့ ဘဏ္ဍာဥစ္စာတို့ကို ဖွင့်ပြီးမှ လောဗန်နှင့် မုရန် တည်းဟူသော နံ့သာမျိုးကိုရွင်း၊ ရွှေကိုရွင်း ဆက်ကပ်ပူဇော်ကြ၏။

မာဂုပညာရှိတို့သည် ပညာရှိ ပညာတတ် ဆိုတဲ့အတိုင်း အလာလမ်းကို လောကီပညာတစ်ရပ်ဖြစ်တဲ့ နက္ခတ္တဗေဒပညာကို အားကိုးပြီးတွက်ချက်မှုနှင့် မလုံလောက်ပါ။ ယဇ်ပရောဟိတ်များ၊ ကျမ်းပြုဆရာရှိသမျှတို့ကို မေးမြန်း၍ လာခဲ့ကြရ၏။ သို့ရာတွင် အပြန်ခရီးမှာ ဘုရားသခင်၏လမ်းပြမှုကို ခံယူလျက်ပြန်သွားကြပါသည်။ ဤအချက်သည် ကယ်တင်ရှင် ယေရှုခရစ်တော်ကို ဖူးတွေ့ပြီး သူတို့၏နှလုံးသားထဲတွင် **'အလင်းရှင်'**ကို လက်ခံရရှိပြီး ယုံကြည်စိတ်ချစွာ အားကိုးခဲ့သောကြောင့် ဖြစ်သည်။

မှောင်မိုက်ညကာလမှာ ကြယ်၏အလင်းထွန်းတောက်နေသလို၊ အပြစ်တရားလွှမ်းခြုံ အမှောင်ဖုံးနေသော ဤကမ္ဘာလောကသားများကို အလင်းပေးရန် **'အလင်းရှင်'** ယေရှု ဖွားမြင်ခဲ့လေပြီ။
ယော၊ ၈း၅ "ငါသည် ဤလောက၌ရှိစဉ်တွင် ဤလောက၏အလင်းဖြစ်၏" ဟုသခင်ယေရှု မိန့်တော်မူ၏။

ဤလောက၏အလင်းသည် ... **ဟုတ်မှန်သောအလင်း**
ဟုတ်မှန်သောအလင်းမူကား၊ ဤလောကသို့ကြွလာလျက် ခပ်သိမ်းသောလူအပေါင်းတို့အား အလင်းကို ပေးသောသူ ဖြစ်သတည်း။ (ယော၊ ၁း၉)

ဤလောက၏အလင်းသည် ... **ထာဝရအလင်း**
ထာဝရအလင်းမူကား၊ ထာဝရဘုရားသည် သင်၌ ထာဝရအလင်း၊ သင်၏ဘုရားသခင်သည် သင်၏ဘုန်းအသရေဖြစ်တော်မူလိမ့်မည်။ (ဟေရှာယ၊ ၆၀း၁၉)

ဤလောက၏အလင်းသည် ... **အသက်၏အလင်း**
အသက်၏အလင်းမူကား၊ သိုးတို့သည် အသက်လွတ်ရုံမျှမက အထူးသဖြင့် အသက်ဖြင့်ပြည့်စုံစေခြင်းငှါ လာသတည်း။

ဤလောကသည်အပြစ်မှောင်မိုက်၌ကျင်လည်၊
လောက၏အလင်းယေရှုတည်း။
နေ့ချိန်နေလင်းကဲ့သို့၊ ဘုန်းတော်ထွန်းလင်းသည်။
လောက၏အလင်းယေရှုတည်း။

ဒေင်ဥယျာဉ်တွင်းမှ အစပြု၍ ပျောက်ဆုံးခဲ့ရသော အသက်နှင့်အလင်းသည် သူငယ်တော် ယေရှု ဖွားမြင်ချိန် ခရစ္စမတ်မှစ၍ တဖန်ပြန်လည်ရခဲ့၏။ အလင်းရှင်ကြောင့် ပြန်လည်ရှင်သန်၍ အသက်နှင့်ပြည့်စုံရပါ၏။ ကျေးဇူးတော်သည် ကြီးလှပေသည်။ ဟာလေလုယ ... အာမင်။

ထိုသို့ရှင်သန်ခြင်းသည် ကျွန်ုပ်တို့၏အထဲတွင် သူငယ်တော် ယေရှု ဟုခေါ်ခဲ့သော ကယ်တင်ပိုင်ရှင်၏အလင်း ထွန်းလင်းပြီမို့ ကျွန်ုပ်တို့သည်လည်း ဤလောက၏အလင်း ဖြစ်ကြပါ၏။ မဿဲ၊ ၅း၁၄

ထို့ကြောင့် တပါးသူတို့သည် ကျွန်ုပ်တို့၏ ကောင်းသော အလင်း၏အကျင့်ကို မြင်၍၊ ကောင်းကင်ဘုံ၌ ရှိတော်မူသော ကျွန်ုပ်တို့အဘ၏ ဂုဏ်တော်ကို ချီးမွမ်းစေခြင်းငှါ၊ သူတပါးရှေ့၌ ကျွန်ုပ်တို့၏ အလင်းကို လင်းစေကြရပါမည်။

ယေရှုတွင်တည်နေသူ၌မှောင်မိုက်မရှိ။
လောက၏အလင်းယေရှုတည်း၊
လမ်းပြနောက်တော်လိုက်စဉ်အလင်းတွင်ရောက်သည်
လောက၏အလင်းယေရှုတည်း။

*အမှုတော်မြတ်၌၊– ရီရီအေး*




# အလွန်ဝမ်းမြောက် ဝမ်းသာစရာ သိတင်းကောင်း

## ရှင်လုကာခရစ်ဝင်ကျမ်း၊၂ း၁–၂၁

ထိုအခါ တနိုင်ငံလုံးကို စာရင်းယူစေခြင်းငှါ ကဲသာဘုရင်ဩဂုတ္တုသည် အမိန့်တော်ရှိ၏။ ကုရေနိသည် ရှုရိပြည်၌ မြို့ဝန်ဖြစ်စဉ်တွင်၊ ဤပဌမစာရင်းယူခြင်း ဖြစ်သတည်း။

လူအပေါင်းတို့သည် စာရင်းဝင်ခြင်းငှါ အသီးအသီး မိမိတို့မြို့ရွာသို့သွားကြ၏။ယောသပ်သည်လည်း ဒါဝိဒ်အမျိုးအနွယ်ဖြစ်၍၊ ထိမ်းမြားဆောင်နှင်းသောမယားမာရိနှင့်အတူ စာရင်း ဝင်ခြင်းငှါ၊ ဂါလိလဲပြည် နာဇရက်မြို့မှ ယုဒပြည်တွင် ဗက်လင်အမည်ရှိသော ဒါဝိဒ်၏မြို့သို့ သွား၏။ ထိုအခါ မာရိသည် ပဋိသန္ဓေအရင့်အမာရှိ၏။

ဗက်လင်မြို့၌ ရှိနေစဉ် ဘွားအံ့သောနေ့လစေ့လျှင်၊ သားဦးကိုဘွားမြင်၍ အဝတ်နှင့်ပတ်ရစ်ပြီးမှ၊ ဧည့်သည်တည်းရာ စရပ်၌သူတို့နေစရာမရှိသောကြောင့်၊ သူငယ်ကို နွားစားခွက်၌သိပ်ထားလေ၏။

ထိုပြည်မှာသိုးထိန်းတို့သည် ညဉ့်အခါတောအရပ်၌တည်းခိုလျက်၊ မိမိသိုးစုကို စောင့်နေကြသည်ဖြစ်၍၊ ထာဝရဘုရား၏ ကောင်းကင်တမန်သည် သူတို့အနားမှာပေါ်လာ၍၊ ပတ်ဝန်းကျင်၌ ထာဝရဘုရား၏ ဘုန်းတော်ထွန်း တောက်သဖြင့်၊ သူတို့သည် အလွန်ကြောက်ရွံ့ခြင်းသို့ရောက်ကြ၏။

ကောင်းကင်တမန်က လည်း၊ ကြောက်ရွံ့ခြင်း မရှိကြနှင့်။ လူအပေါင်းတို့သည် အလွန်ဝမ်းမြောက် ဝမ်းသာစရာ သိတင်းကို ငါသည်သင်တို့အား ကြားပြောရ၏။ ယနေ့တွင်ဒါဝိဒ်၏ မြို့၌ သခင်ခရစ်တော်တည်းဟူသော ကယ်တင်သောအရှင်သည် သင်တို့အဘို့အလိုငှါ ဘွားမြင်ခြင်းကိုခံတော်မူပြီ။ သင်တို့သည်အဘယ် နိမိတ်ဖြင့်သိရမည်နည်းဟူမူကား၊ သူငယ်သည်အဝတ်နှင့်ပတ်ရစ်၍ နွားစားခွက်၌ သိပ်ထားလျက်ရှိသည်ကို တွေ့ကြလိမ့်မည်ဟု ဆိုပြီးလျှင်၊ ထိုကောင်းကင်တမန် နှင့်အတူ ကောင်းကင် ဗိုလ်ခြေအများတို့သည် ချက်ခြင်းထင်ရှား၍၊ ကောင်းကင်ဘဝဂ်ဝယ်ဘုရားသခင်သည် ဘုန်းကြီး တော်မူစေသတည်း။ မြေကြီးပေါ်၌ လည်းငြိမ်သက်ခြင်းရှိစေသတည်း။ လူတို့အား မေတ္တာကရုဏာရှိစေသတည်းဟု ဘုရားသခင်ကိုချီးမွမ်း ၍ မြွက်ဆိုကြ၏။

ကောင်းကင်တမန်တို့သည် ကောင်းကင်ဘုံသို့ပြန်ကြပြီးမှ သိုးထိန်းတို့က၊ ငါတို့သည် ဗက်လင်မြို့သို့ သွား ကြကုန်အံ့။ ထာဝရဘုရားသည် ဘော်ပြတော်မူသော ဤအမှုအရာကို ကြည့်ကြကုန်အံ့ဟု အချင်းချင်းပြောဆိုပြီး လျှင်၊ အလျင်အမြန်သွား၍ မာရိနှင့်ယောသပ်ကိုငှင်း၊ နွားစားခွက်၌ သိပ်ထားလျက်ရှိသော သူငယ်ကိုငှင်းတွေ့ကြ၏။ တွေ့မြင်ပြီးမှ မိမိတို့ကြားသောထိုသူငယ်၏ အကြောင်းစကားကို အနှံ့အပြားပြောကြ၏။ သိုးထိန်းတို့ပြောသော စကားကို ကြားသောသူ ရှိသမျှတို့သည် အံ့ဩခြင်းရှိကြ၏။ မာရိသည် ထိုအကြောင်းအရာ အလုံးစုံတို့ကို မှတ်ကျုံး၍ စဉ်းစားဆင်ခြင်လျက်နေ၏။ သိုးထိန်းတို့သည်လည်းမိမိတို့အားပြောနှင့်သည်အတိုင်း ကြားမြင်သမျှသော အကြောင်းအရာကိုထောက်၍၊ ဘုရားသခင်ကို အံ့ဩချီးမွမ်းလျက်ပြန်သွားကြ၏။